ပြည်ထဲရေး

# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၂၀)၊ အမှတ် (၁)    ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

## တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေး လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံဆွေးနွေးပွဲပြုလုပ်



မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြားတွေ့ဆုံဆွေးနွေးပွဲကို ၂၇-၁၁-၂၀၂၄ ရက်နေ့ ၁၃၃၀ အချိန်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာ ခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှုကြီးကြပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ကြီးကြပ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များ တက်ရောက်ကြပြီး ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆပ်ကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး **Online** မှတစ်ဆင့် လိမ်လည်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော နိုင်ငံခြားသားများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လူသားချင်း စာနာထောက်ထားမှုတို့အပေါ်အခြေခံ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **Online Scam Center** လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းပြီး အဆိုပါလုပ်ငန်းများကို တားဆီးနှိမ်နင်းလျက်ရှိကြောင်း၊ ၁-၁-၂၀၂၂ ရက်နေ့မှ ၂၂-၁၁-၂၀၂၄ ရက်နေ့အထိ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေရသဖြင့် ရှာဖွေကူညီ ကယ်တင်ပေးခဲ့သည့် နိုင်ငံခြားသား စုစုပေါင်း ၁၂၄၂ ဦးရှိပြီး ၎င်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ကြီးကြပ်ရေးလုပ်ငန်းကော်မတီအဖွဲ့များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များအကြား နိုင်ငံခြားသားများအား ရှာဖွေကူညီကယ်တင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင့်လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**မီးသတ်ဦးစီးဌာန**
**အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့်**
**ရှေးဦးသူနာပြုစုနည်းစနစ်သင်တန်းအမှတ်စဉ်(၃)**
**သင်တန်းဆင်းပွဲပြုလုပ်မှု**

စာ(၂)သို့

**နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီး**

စာ(၉)သို့

**ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသောကြက်သား၊ ဝက်သား၊ ငါး၊ ကြက်ဥ၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်များအား နေပြည်တော်ရှိ ရုံး/ဌာနများသို့ သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေး**

စာ(၁၅)သို့

## အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းစနစ်သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲပြုလုပ်မှု





မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များနည်းတူ မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် မီးဘေး၊ အခြားသဘာဝဘေးအန္တရာယ်များနှင့် ရုတ်တရက်ဖြစ်ပွားစေတတ်သော ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသော လူနာများအား အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းအတတ်ပညာများဖြင့် **Emergency Medical Services** လုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာလုပ်ဆောင်နိုင်စေရန်နှင့် ပြည်တွင်း/ပြည်ပ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းနည်းစနစ်သင်တန်းအမှတ်စဉ်(၃)ကို ၂၃-၉-၂၀၂၄ ရက်နေ့မှ ၁၃-၁၂-၂၀၂၄ ရက်နေ့ထိ ရက်သတ္တပတ် (၁၂)ပတ်ကြာ သင်တန်းသား/သူ(၃၅)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ သီတာခန်းမတွင် ၁၃-၁၂-၂၀၂၄ ရက်နေ့၊ ၀၈၀၀ အချိန်ခန့်က ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော် တက်ရောက်သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး စစ်ရေးပြကွင်းတွင် တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်အား ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သရုပ်ပြသခြင်းလုပ်ငန်းများ ပြသခဲ့ပါသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၊ အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)မှ ဒုတပ်မှူး ဗိုလ်မှူးကြီးခင်ဇော်ငြိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး လက်အောက်ရှိ ဆေးဝန်ထမ်းအရာရှိများ/နည်းပြအရာရှိများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးရုံးများမှ အရာရှိများ၊ သင်တန်းသား/သူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ မီးဘေးလုံခြုံရေး(အထူး)ကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်လှစ်



မီးသတ်ဦးစီးဌာနသည် တပ်ဖွဲ့ဝင်များအား မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဟူသော စွမ်းရည်(၄)ရပ် ထက်မြက်စေရန် ဆောင်ရွက်လျက်ရှိရာ ၂-၁၂-၂၀၂၄ ရက်နေ့၊ ၀၈ ၀၀ အချိန်ခန့်က မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးအထူး (ကျွမ်းကျင်မှု) ဆင့်ပွားသင်တန်းအား ကျင်းပဖွင့်လှစ်ခဲ့ကာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားခဲ့ပြီး အဆိုပါသင်တန်းအား ၂-၁၂-၂၀၂၄ ရက်နေ့မှ ၆-၁၂-၂၀၂၄ ရက်နေ့အထိ သင်တန်းသား (၁၈)ဦးတို့ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## ကျွန်းစုမြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ လူမှုဝန်ထမ်းကျောင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဟောပြောသရုပ်ပြသခြင်းလုပ်ငန်းများဆောင်ရွက်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီဆောင်ရွက်လျက်ရှိရာ ၂၁-၁၁-၂၀၂၄ ရက်နေ့၊ ၁၄၀၀ အချိန် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ လူမှုဝန်ထမ်းကျောင်း၌ ကျွန်းစုမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ စနစ်တကျထွက်ခွာနိုင်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ လမင်းလမ်းသွယ်ရှိ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်ရေးဟောပြောသရုပ်ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်မှု



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၁၂-၁၂-၂၀၂၄ ရက်နေ့၊ ၁၇ ၀၀ အချိန်ခန့်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ လမင်းလမ်းသွယ်ရှိ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းရှိ ဆရာမများနှင့် သင်တန်းသူ စုစုပေါင်း(၄၀)ဦးတို့အား မြိတ်မြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ် တပ်ဖွဲ့ဝင်(၇)ဦးတို့ဖြင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက စနစ်တကျထွက်ခွာနိုင်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးလုပ်ငန်းများအား သရုပ်ပြသခြင်းနှင့် ဟောပြောပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တံတားဦးမြို့နယ် မြို့မရဲစခန်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြှိမ်းသတ်ရေး ဟောပြောသရုပ်ပြသခြင်းလုပ်ငန်း ဆောင်ရွက်မှု



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၁၈-၁၂-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်က မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်မြို့မရဲစခန်းရှိ မိသားစုဝင်များနှင့် ရဲတပ်ဖွဲ့ဝင် (၅၆)ဦးတို့အား တံတားဦးမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် (၅)ဦးတို့ဖြင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါကစနစ်တကျထွက်ခွာနိုင်ရေးနှင့် လက်တွေ့မီးငြှိမ်းသတ်ရေးလုပ်ငန်းများအား သရုပ်ပြသခြင်းနှင့် ဟောပြောပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်(၁၇၊ ၁၈)ရှိ ဂက်(စ်)နှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် မီးလောင်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၃-၁၁-၂၀၂၄ ရက်နေ့၊ ၁၀ ၁၇ အချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်(၁၇၊၁၈)ရှိ (၂၀×၃၅)ပေ၊ သွပ်မိုး၊ အထပ်သားကာ၊ ကွန်ကရစ်ခင်း **KK Naing** အမည်ပါ ဂက်(စ်)နှင့်ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် ဂက်(စ်)အိုးအကြီးမှ ဂက်(စ်)အိုးအသေးသို့ ဂက်(စ်)ဖလှယ်ပြီး ဂက်(စ်)အိုးအကြီးအား သေချာစွာပြန်မပိတ်ခဲ့သဖြင့် အခန်းအတွင်းဂက်(စ်)များပျံ့နှံ့နေစဉ် ဂက်(စ်)အိုးခေါင်းအား မော်တာ(ကော်ပတ်ပါ)ဖြင့် သန့်ရှင်းရေးပြုလုပ်ရာမှ မော်တာတွင်မီးပွားထွက်၍ ဂက်(စ်)နှင့်ထိတွေ့ပြီး မီးလောင်ပေါက်ကွဲမှုဖြစ်ပွားကြောင်း ၁၀ ၁၉ အချိန်တွင် သတင်းရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ စုစုပေါင်းမီးငြှိမ်းသတ်ယာဉ်(၁၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁၀)စီး၊ အထောက်အကူပြုယာဉ်(၁)စီး၊ ကွပ်ကဲမှုယာဉ်(၂)စီး ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၉၀)ဦးတို့ဖြင့် သွားရောက်ငြှိမ်းသတ်ခဲ့ရာ ၁၁ ၂၀ အချိန်မီးငြိမ်းခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် (၂၀×၃၅)ပေသွပ်မိုး၊ အထပ်သားကာ၊ ကွန်ကရစ်ခင်းအဆောက်အဦ(၂)လုံး၊ (၁၀×၃၅)ပေ သွပ်မိုး၊ အထပ်သားကာ၊ ကွန်ကရစ်ခင်း အဆောက်အဦ (၄)လုံး၏ ထပ်ခိုးများနှင့် အတွင်းပစ္စည်းများမီးလောင်ခံရကြောင်း သတင်းရရှိပါသည်။





## ကျေးသီးမြို့နယ်၊ မိုင်းနောင်နယ်မြေ၊ အမှတ်(၃)ရပ်ကွက်၊ မိုင်းနောင်ဝမ်းစိမ်းလမ်းရှိ ခြံဝန်းအတွင်း ဆီဘောက်ဆာယာဉ်မီးလောင်မှု



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၄-၁၁-၂၀၂၄ ရက်နေ့၊ ၁၁ ၃၀ အချိန်ခန့်က ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်နယ်မြေ၊ အမှတ်(၃)ရပ်ကွက်၊ မိုင်းနောင်ဝမ်စိမ်းလမ်း၊ ဦးစိုင်းနော်ခမ်း၏ ခြံဝန်းအတွင်း ယာဉ်မောင်း ဦးသက်ပိုင်ဖြိုး မောင်းနှင်သော ဆီဘောက်ဆာယာဉ်အမှတ်(**2R-3008**) **HINO** ဂါလန်(၉၃၀၀)ဆံ့ (၂၂)ဘီးယာဉ်(ခဲရောင်)တွဲကားပေါ်မှ ဓာတ်ဆီများအား ယာဉ်မောင်း (စိစစ်ဆဲ)(**5M-4041**) **HINO** (လိုင်စင်မဲ့)(ခဲရောင်)(၁၂)ဘီးယာဉ်ပေါ်မှ သံပေပါခွံအတွင်းသို့ ပလက်စတစ်ပိုက်ဖြင့် ဆီဖလှယ်ရာတွင် တည်ငြိမ်လျှပ်စစ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားကြောင်း ၁၁ ၃၂အချိန် သတင်းရရှိသဖြင့် မိုင်းနောင်နယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ကျေးသီးမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ ဝမ်စိမ်းနယ်မြေမီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ စုစုပေါင်း မီးသတ်ယာဉ်(၅)စီး၊ သန္ဓေ(၂၄)ဦးတို့ဖြင့် **Foam** အမြှုပ်ဆေးရည်(၂၅)ဂါလန်နှင့် ရေဂါလန်(၅၀၀၀)ခန့်အသုံးပြုငြှိမ်းသတ်ခဲ့ရာ ၁၂ ၀၅ အချိန် မီးငြိမ်းခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် ဓာတ်ဆီဖြည့်ထားသော သံပေပါ(၈)လုံးနှင့် (**5M-4041**) **HINO** (လိုင်စင်မဲ့)(ခဲရောင်) (၁၂)ဘီးယာဉ်တို့မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ကလောမြို့နယ်၊ ဝက်ဖြူကျေးရွာအုပ်စု၊ ရေယားကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၆၉/၁)အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မော်တော်ယာဉ်တိမ်းမှောက်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၅-၁၁-၂၀၂၄ ရက်နေ့၊ ၁၂ ၀၀ အချိန်ခန့်က ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဝက်ဖြူကျေးရွာအုပ်စု၊ ရေယားကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၆၉/၁)အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သီလဝါမှ အေးသာယာမြို့ စံပြစက်သုံးဆီဆိုင်သို့ ယာဉ်မောင်း ဦးချစ်ဖွယ် မောင်းနှင်၍ ယာဉ်နောက်လိုက်ကိုသက်လွင်လိုက်ပါလာသော ယာဉ်အမှတ် **SHN-18 4H-3076** (နောက်တွဲ-**1 TLR -9796) Nissan** အမျိုးအစား(၂၂)ဘီး (အစိမ်းရောင်) ဆီတင်ယာဉ်သည် ဓာတ်ဆီ **(OCTANG-92)** ဂါလန်(၈၀၀၀)အား သယ်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်တွင် လဲကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း ၁၂၀၂ အချိန် သတင်းရရှိသဖြင့် ကလောမြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၂)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၃)ဦးတို့ဖြင့် **AFFF Foam** အမြှုပ်ဆေးရည်(၁၅)ဂါလန်၊ ရေဂါလန်(၂၀၀၀)ခန့် အသုံးပြု၍ အအေးပေးခြင်း



လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိပါသည်။

## ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ ရာဇဌာနီလမ်းဘေးရှိ ကော်စေ့စက်ရုံမီးလောင်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၉-၁၂-၂၀၂၄ ရက်နေ့၊ ၀၆၁၅ အချိန်ခန့်က နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ ရာဇဌာနီလမ်းဘေးရှိ ပိုင်ရှင် ဦးအောင်စိုးမင်း၏ **New Light** ကော်စေ့စက်ရုံ၌ ရေမော်တာအသုံးပြုရာတွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများကိုခွေထားရာမှ အပူလွန်ကဲပြီး အနီးရှိ ကော်ဖြတ်စအမှုန့်များပေါ်သို့ မီးပွားများကျရာမှ မီးလောင်မှုဖြစ်ပွားကြောင်း ၀၆ ၂၃ အချိန်သတင်းရရှိသဖြင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ အုပ်ချုပ်မှုယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ပုဗ္ဗသီရိမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ ပုဗ္ဗသီရိနယ်မြေမီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ဥတ္တရခရိုင်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ပျဉ်းမနားမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ရွာကောက်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ပျဉ်းမနားအရန်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ်(၁)စီး စုစုပေါင်း(၁၀)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်(၄၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရေဂါလန်(၃၂၀၀၀)ခန့် အသုံးပြုငြိမ်းသတ်ခဲ့ရာ ၀၈၀၀ အချိန်တွင် မီးငြိမ်းခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့်



(၆၀×၂၀၀)ပေ၊ **Steel Structure** (၁)ထပ်အဆောက်အအုံ၏ (၆၀×၂၀)ပေခန့် မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ ပိုလ်တေဇလမ်းရှိ MPT တာဝါတိုင်တွင် ပဒူအုံစွဲကပ်နေမှုအား ရှင်းလင်းရေးဆောင်ရွက်မှု




မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၈-၁၂-၂၀၂၄ ရက်နေ့၊ ၂၀ ၀၀ အချိန်ခန့်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ ဗိုလ်တေဇလမ်းရှိ **MPT** တာဝါတိုင်တွင် ပဒူအုံစွဲကပ်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ကော့သောင်းမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဒေ(၅)ဦးတို့ဖြင့် ကူညီရှင်းလင်းရေးလုပ်ငန်းများသွားရောက်ဆောင်ရွက်ခဲ့ရာ လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိပါသည်။

## ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်တွင် စပါးအုံးမြွေဝင်ရောက်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၃၀-၁၁-၂၀၂၄ ရက်နေ့၊ ၁၉ ၄၀ အချိန်ခန့်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်တွင် အရှည်(၁၂)ပေခန့်၊ လုံးပတ်(၁၁)လက်မခန့်ရှိသော စပါးအုန်းမြွေဝင်ရောက်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် နေပြည်တော်ဗဟိုမီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးပေးခဲ့ပြီး နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၆၂ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂ ကြိမ်၊ ပေါ့ဆမီး ၂၉ ကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ လျှပ်စစ်မီး ၂၂ ကြိမ်၊ မသမာသူရှို့မီး ၄ ကြိမ်၊ တောမီး ၁ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၅၅ လုံးတွင် ဂိုဒေါင် ၁ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ သေဆုံး ၅ ဦး၊ ဒဏ်ရာရ ၃၃ ဦးရှိခဲ့ပြီး ငွေကျပ် ၄၉၀ ဒသမ ၈၉၇ သန်းခန့်ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၅၇ ကြိမ်၊ ပေါ့ဆမီး ၃၁၆ ကြိမ်၊ အလိုအလျောက်မီး ၁၉ ကြိမ်၊ လျှပ်စစ်မီး ၄၀၄ ကြိမ်၊ မသမာသူရှို့မီး ၆၇ ကြိမ်၊ တောမီး ၆၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၅၀ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၂ ကြိမ် စုစုပေါင်း ၁၀၇၉ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၇၆၂ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁၀ လုံး၊ ဂိုဒေါင် ၄၇ လုံးမီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၈၆၁၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၉၆ ဦးသေဆုံး၊ ၁၃၅ ဦး ဒဏ်ရာရရှိခဲ့ပြီး တိရစ္ဆာန် ၅၈၉ ကောင်သေဆုံးပြီး ငွေကျပ် ၉,၀၀၂ ဒသမ ၅၄၁ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် “မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး”များသည် အများဆုံးတွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။ မီးလောင်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး **(Fuse)**များကို ဝန်နှင့်အား မျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများ သုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှထုတ်ပြန်ထားသည့် အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက “ပေါ့ဆမီး”ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် ယာဉ်တိုက်မှု ၉ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၆ ကြိမ်၊ ရေနစ်မြုပ်မှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၁၂ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၁ ကြိမ် စုစုပေါင်း ၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၃၄ ဦး ရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၉၃ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၈၄ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးမှု ၈ ဦးနှင့် ဒဏ်ရာရရှိသူ ၃၄ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## တိုက်ကြီးမြို့နယ်၊ တာခွေကျေးရွာအုပ်စု၊ ရန်ကုန်-ပြည်လမ်းတွင် မော်တော်ယာဉ်တိုက်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၇-၁၂-၂၀၂၄ ရက်နေ့၊ ၁၀၄၀ အချိန်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွေကျေးရွာအုပ်စု၊ ရန်ကုန်-ပြည်လမ်းတွင် လမ်းဖြတ်ကူးသော ကလေးဖြစ်သူအား မိခင်ဖြစ်သူမှလိုက်ဆွဲရာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်း ဦးကျော်သန်းလှိုင် မောင်းနှင်လာသော ယာဉ်အမှတ် **YGN-1-4G\2315 Hyundai** အမျိုးအစား **YBS-123** (အဝါရောင်)ခရီးသည်တင်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ မိခင်ဖြစ်သူအား ဝင်တိုက်မိပြီး ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် **YGN-17-5N\8155) Ankai** အမျိုးအစား (အဝါရောင်) ခရီးသည်တင်ယာဉ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း ၁၀ ၅၅ အချိန် သတင်းရရှိသဖြင့် တိုက်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၉)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများသွားရောက်ကူညီဆောင်ရွက်ခဲ့ရာ



အဆိုပါယာဉ်တိုက်မှုကြောင့် လမ်းဖြတ်ကူးသူ ဒေါ်သင်းသင်းဦး(သေဆုံး)၊ ကျား(၃)ဦး၊ မ(၄)ဦး ထိခိုက်ဒဏ်ရာ (စိုးရိမ်ရ)တို့အား လူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်များဖြင့် တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ

### မန္တလေးတိုင်းဒေသကြီး




၄-၁၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသန့် ဦးဆောင်သော ဝန်ထမ်းများသည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စွယ်တော်မြတ်စေတီ (မန္တလေး)၏ (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရား(၁)ဆူနှင့် သံဃာ(၄၅)ပါး၊ စုစုပေါင်း (၄၆)ပါးတို့အား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ တန်ဖိုးငွေ ၄၁၄,၀၀၀/-(ကျပ်လေးသိန်းတစ်သောင်းလေးထောင်တိတိ)ကို လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

### စစ်ကိုင်းတိုင်းဒေသကြီး

၁၅-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မုံရွာမြို့၊ ကန်သာယာ ရာပြည့်ကပ်ကျော်ဘုရား၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူးကျင်းပသော တတိယအကြိမ် သံဃာတော်အပါး(၁၀၀၀)ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် စုစုပေါင်းငွေ ၂၅၅,၀၀၀/-(ကျပ်နှစ်သိန်းငါးသောင်းငါးထောင်တိတိ)တန်ဖိုးရှိ ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။




## အမှတ်တရလက်ဆောင်များပေးအပ်



အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (စ/၁၀၇၇) ဦးစီးအရာရှိ(စုံစမ်းရေး) ဦးလှဌေးသည် ၂၇-၁၁-၂၀၂၄ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားရယူရန်အတွက် ခွင့်စတင်ခံစားပြီးဖြစ်ပါသဖြင့် ၄င်းအား ရန်ကုန်တိုင်းဒေသကြီးရုံးမှ အမှတ်တရလက်ဆောင်များပေးအပ်ခြင်း အခမ်းအနားကို ၂၆-၁၁-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) တိုက်ကျွေး



၂၉-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းနှင့်မိသားစုဝင်(၁၀၉)ဦးတို့အား အောင်မြေသာစံမြို့နယ်၊ ဒေသန္တရကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသက်ဇော်လင်းနှင့် သူနာပြုဆရာမများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏အစီအစဉ်ဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး **(OCV)**ကို တိုက်ကျွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရွှေသင်္ကန်းကပ်လှူရန် အလှူငွေ လှူဒါန်း

၂၆-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဦး ဦးဆောင်သောအဖွဲ့ဝင်များသည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မော်လမြိုင်မြို့၏ ကျက်သရေဆောင် ကျိုက်သုတ်စေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် လှူဒါန်းငွေ ၃၀၀,၀၀၀/-(ကျပ်သုံးသိန်းတိတိ)အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ကထိန်ပဒေသာပင်ဆက်ကပ်လှူဒါန်း

**ကရင်ပြည်နယ်**



၁၄-၁၁-၂၀၂၄ ရက်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ (၂၁)ကြိမ်မြောက် ဘားအံမြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်လျာဉတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၌ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံးစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်မှုဖြင့် စာရေးတံမဲကျရာ ကျောင်းတိုက်ဖြစ်သော ဘားအံမြို့၊ သာသနာ့မိဂဒါဝုန်ကျောင်းတိုက်သို့ ငွေသားပဒေသာပင် လှူဒါန်းငွေ ၅၀၀,၀၀၀ိ/-၊ ပစ္စည်းပဒေသာပင်လှူဒါန်းငွေ ၁၄၄,၀၀၀ိ/-၊ စုစုပေါင်းတန်ဖိုးငွေ ၆၄၄,၀၀၀ိ/-(ကျပ်ခြောက်သိန်းလေးသောင်းလေးထောင်တိတိ/-) ပဒေသာပင်ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**



၁၆-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ လှူဒါန်းသော တန်ဖိုးငွေ ၁,၃၃၀,၀၀ိ/-(ကျပ်တစ်ဆယ့်သုံးသိန်းသုံးသောင်းတိတိ)ရှိ ကထိန်ပဒေသာပင်ကို မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ တော်ဝင်ဘုံစံကျောင်းတိုက်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**ပဲခူးတိုင်းဒေသကြီး**

၁၂-၁၁-၂၀၂၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော စုဒ္ဒသမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် ဇနီး ဒေါ်ဝါဝါလွင်တို့ ဦးဆောင်မှုဖြင့် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များ လှူဒါန်းသော ကထိန်ပဒေသာပင်အလှူငွေ ၄၁၀,၀၀၀ိ/-နှင့် ပစ္စည်းတန်ဖိုး ၁၂,၀၇၈,၅၀ိ/- စုစုပေါင်း ကထိန်ပဒေသာပင်တန်ဖိုး ၁,၆၁၇,၈၅၀ိ/- (ကျပ်တစ်ဆယ့်ခြောက်သိန်းတစ်သောင်းခုနစ်ထောင့်ရှစ်ရာငါးဆယ်တိတိ)ကို မဲပေါက်သည့် ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်ရှိ ရတနာသီရိဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



**ရန်ကုန်တိုင်းဒေသကြီး**

၁၁-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုဖြင့် ဒုတိယအကြိမ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆရာဒကာကျောင်းများဖြစ်သော ဒဂုံမြို့နယ်ရှိ ကျားကူးပရိယတ္တိစာသင်တိုက်နှင့် ဗဟန်းမြို့နယ်ရှိ မူလကမ္ဘာအေးကျောင်းတိုက်များသို့ လှူဒါန်းမှုများအနေဖြင့် တန်ဖိုးငွေကျပ် ၁၄,၇၈၃,၀၀ိ/- (ကျပ်တစ်ရာလေးဆယ့်ခုနှစ်သိန်းရှစ်သောင်းသုံးထောင်တိတိ) တန်ဖိုးရှိ ပဒေသာပင်များအား ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။



## စတုဒီသာကျွေးမွေးလှူဒါန်း




၁၅-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘားအံမြို့၊ မန်းနဲစံလမ်း၌ ကျင်းပပြုလုပ်သော ဌာနဆိုင်ရာများ/ရပ်ကွက်များ စုပေါင်း၍ တန်ဆောင်မုန်းလပြည့်နေ့ စတုဒီသာကျွေးမွေး လှူဒါန်းမှုတွင် စုစုပေါင်းတန်ဖိုးငွေ ၂၀၀,၀၀၀ိ/-(ကျပ်နှစ်သိန်းတိတိ)တန်ဖိုးရှိ ပေါင်မုန့်ယိုသုတ်များ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဂုဏ်ပြုနှုတ်ဆက်လက်ဆောင် ပေးအပ်

၂၉-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီးရုံးဝန်ထမ်းများက သက်ပြည့်အငြိမ်းစားယူသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းတင့်အား ဂုဏ်ပြုနှုတ်ဆက်လက်ဆောင်ပစ္စည်းများနှင့် ငွေသား ၈၃၂,၀၀၀ိ/- (ကျပ်ရှစ်သိန်းသုံးသောင်းနှစ်ထောင်တိတိ)ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျန်းမာရေးစရိတ်ထောက်ပံ့ငွေပေးအပ်

**ကယားပြည်နယ်**



၂၉-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ်ရုံးမှ စထ/၀၇၂၆၊ လက်ထောက်စုံစမ်းရေးမှူး ဦးဦးရယ်မောင်သည် အစာအိမ်သွေးကြောပေါက်ရောဂါဖြင့် အတွင်းလူနာအဖြစ် လွိုင်ကော်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် ခုတင်အမှတ်(M-2)၌ ဆေးကုသမှုခံယူလျက်ရှိရာ ပြည်နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမင်းနိုင်မှ ငွေ(၁၀၀,၀၀၀/-)နှင့် ဝန်ထမ်းများမှ ငွေ(၂၂၅,၀၀၀/-)၊ သက်သာချောင်ချိရေးကော်မတီမှ ငွေ(၅၀,၀၀၀/-)တို့ဖြင့် စုစုပေါင်း ကျန်းမာရေးစရိတ်ထောက်ပံ့ငွေ (၃၇၅,၀၀၀/-) (ငွေကျပ်သုံးသိန်းခုနှစ်သောင်းငါးထောင်တိတိ)အား လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်အဖွဲ့မှ ကျန်းမာရေးစရိတ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မကွေးတိုင်းဒေသကြီး**




၂-၁၂-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ စည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်အေး၏ ကြီးကြပ်စီစဉ်မှုဖြင့် မကွေးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်မှ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ နဂါးနီ အထွေထွေရောဂါကုဆေးရုံတွင် သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသည့် ဒုတိယစုံစမ်းရေးမှူး ဒေါ်ခင်သဥ္ဇာဦး၏ သမီးဖြစ်သူ မဝင့်ယမုံဦးအား ကျန်းမာရေးထောက်ပံ့ငွေ ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ) ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**



အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (စ/၂၇၀၉) ဒုတိယစုံစမ်းရေးမှူး ဒေါ်မိုးပွင့်ဖြူသည် ၂၇-၁၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီးတွင် တက်ရောက်၍ အာသီးရောင်ရောဂါအား ခွဲစိတ်ကုသမှုခံယူခဲ့ရသဖြင့် ၎င်းအား ကျန်းမာရေးထောက်ပံ့စရိတ်အဖြစ် ထောက်ပံ့ငွေကျပ် ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)ကို ရန်ကုန်တိုင်းဒေသကြီးရုံး၏ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များမှ ၂၈-၁၁-၂၀၂၄ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

**ပဲခူးတိုင်းဒေသကြီး**




၁၂-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန်ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၃၁,၀၀၀/-တန်ဖိုးရှိ ဆန်(၄)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ကြက်သွန်နီ (၅၀)ကျပ်သားနှင့် ကြက်ဥ(၁၀)လုံးတို့ဖြင့် ဝန်ထမ်း(၉၂)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၂,၈၅၂,၀၀၀/-(ကျပ်နှစ်ဆယ့်ရှစ်သိန်းငါးသောင်းနှစ်ထောင်တိတိ) အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မွန်ပြည်နယ်**

၁၈-၁၁-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုးမှ ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန်ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ဆန်(၃)ပြည်၊ ဆီ(၁)ပိဿာ နှုန်းဖြင့် ဝန်ထမ်း(၈၈)ဦးတို့အား ငွေကျပ် ၉၂၇,၂၀၀/-(ကျပ်ကိုးသိန်းနှစ်သောင်းခုနှစ်ထောင့်နှစ်ရာတိတိ) တန်ဖိုးရှိ ဆန်နှင့်ဆီများ တစ်ဦးချင်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




**ရန်ကုန်တိုင်းဒေသကြီး**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့်မိသားစုဝင်များအား သက်သာချောင်ချိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၅,၀၀၀/-(ကျပ်နှစ်သောင်းငါးထောင်တိတိ)နှုန်းဖြင့် ဝန်ထမ်း (၁၁၃)ဦးအတွက် စုစုပေါင်းငွေကျပ် ၂,၈၂၅,၀၀၀/-(ကျပ်နှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းငါးထောင်တိတိ)တန်ဖိုးရှိ ဆန်(၃)ပြည်နှင့် ဆီ(၅၀)ကျပ်သားစီအား ၂၉-၁၁-၂၀၂၄ ရက်နေ့တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရှိပါသည်။



## မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် ဖမ်းဆီးရမိ







၂၂-၁၁-၂၀၂၄ ရက်နေ့ ဝ၆၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ၁၀၁ လမ်းနှင့် မြို့ပတ်လမ်းထောင့်တွင် ကျော်သူလွင် (ခ)မွန်ချေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ပြား စတင်ဖမ်းဆီးရမိခဲ့ပြီး ၄င်းငှားရမ်းနေထိုင်သည့် ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်ရှိ နေအိမ်၌သိုဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀ ဒသမ ၄ သိန်းအားလည်းကောင်း၊ မန္တလေးမြို့၊ ၃၅ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ ဟိုတယ်အခန်းတွင် ရောင်းချရန်အသင့်ထားရှိသည့် ဘိန်းဖြူ ၄၄၀ ဂရမ်အားလည်းကောင်း အသီးသီးဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၉ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁ သိန်းနှင့် ဘိန်းဖြူ ၄၄၀ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ၁၃၀၀ အချိန်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အောင်ခိုင်မင်း(ခ)ဖိုးလုံးအား CRV မော်တော်ယာဉ် ၁ စီးနှင့်အတူ မန္တလေးမြို့၊ ၅၁ လမ်း၊ ၁၂၃ × ၁၂၄ လမ်းကြား၌ ဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် ဖမ်းဆီးရမိ






၁၃-၁၁-၂၀၂၄ ရက်နေ့ ၁၅၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာကားဝင်းတွင် လှမင်းထွန်း မောင်းနှင်ပြီး အကူယာဉ်မောင်း မြင့်သူစိုးနှင့် ယာဉ်နောက်လိုက် ဖြိုးကျော်ဇော(ခ)မိုးထက်မြင့်တို့ လိုက်ပါလာသည့် ခရီးသည်တင်မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စားသောက်ကုန်များအတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ လိပ်ကုန်းကျေးရွာနေ ဖမ်းဆီးရမိ ယာဉ်ပိုင်ရှင်ဖြစ်သူ အောင်ခိုင်ထူးနှင့်ဇနီး မမိုးစံပယ်တို့၏ အစီအမံဖြင့် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရပြီး ၄င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် အကျိုးအမြတ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် KING LONG အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးနှင့် HIGHER အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးတို့အား ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများနှင့် ၄င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒုစရိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် Online နည်းပညာများ အသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား ခြေရာခံ အတည်ပြုကာ တရားခံများဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂-၁၂-၂၀၂၄ ရက်နေ့ ၁၃၁၅ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ နောင်ဟီး ကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါနေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ပါသည်။

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်အတွင်း၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လှ(၃၀)နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့နယ်နေ အားဖျင်(ခ) စောက်ရီချုံ(၃၅)နှစ်ပါ အမျိုးသား





၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ မျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link ၁ စုံ၊ ဖုန်းမျိုးစုံ ၁၃၀ လုံးနှင့် CZ 75 D 9MM အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ကျည် ၈ တောင့်၊ Beretta 9MM အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ကျည် ၇ တောင့်၊ Type-81 အမျိုးအစားသေနတ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ ကျည် ၄၀ တောင့်၊ ၄၀ မမပြောင်း ၁ ခု၊ စကားပြောစက် ၆ လုံး၊ ဆိုင်ကယ် ၂ စီး၊ မီးစက် ၁ လုံး၊ WiFi စက် ၃ လုံး၊ DONG FENG ၆ ဘီးယာဉ် ၁ စီး တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါဖမ်းဆီးရမိသူ ချိန်လှပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖျင်(ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး တို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ် ဆက်သွယ်ရေးဆိုင်ရာဥပဒေပုဒ်မ ၃၃(က)ဖြင့်လည်းကောင်း၊ လဝက အက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့်လည်းကောင်း အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီး

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် **Facebook** တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် **Page** များ ဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ၎င်းတို့နှင့်ဆက်သွယ်လာသူ ငွေစက္ကူအတုဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူမှုများဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ **Facebook** အကောင့်ပိုင်ရှင်များအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အထူးအမှုစစ်အဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၁၇-၁၁-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် **Facebook** လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ အခေါက်ရွှေရောင်းသူဝယ်သူအမည်ပါ **Facebook Group** အတွင်း **Amara Pan** အမည်ပါ **Facebook** အကောင့်မှ "ငွေတုရောင်းတယ် မှတ်ပုံတင် တဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ **Viber - 09971007328** သို့ ဆက်သွယ်ပါ" စာသားနှင့် ငွေစက္ကူအတုပုံများ **Post** တင်ထားမှုအား စိစစ်တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ **Amara Pan** အမည်ပါ **Facebook** အကောင့်ပိုင်ရှင်ဖြစ်သူ ဒက္ခိဏသီရိမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ မအေးအေးအောင်(၁၈)နှစ်အား ၂၄-၁၁-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် ၎င်း၏နေအိမ်၌ ငွေစက္ကူအတုများရရှိမည်ဖြစ်ကြောင်း အခြားသူများ ယုံကြည်အောင်ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော **VIVO Y 83** အမျိုးအစား အနီရောင် လက်ကိုင်ဖုန်း ၁ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူ တရားခံ အေးအေးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် **Amara Pan** အမည်ပါ **Facebook** အကောင့်အား ဖွင့်လှစ်အသုံးပြုကာ **Facebook Group** များအတွင်း "ငွေတုရောင်းတယ် မှတ်ပုံတင် တဲ့ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ **Viber - 09971007328** သို့ ဆက်သွယ်ပါ"ဟု စာသားများ လိုက်လံရေးသား၍ **Post** များ တင်ခဲ့ပြီးနောက် **Viber** ဖုန်းအမှတ် **09971007328** မှတစ်ဆင့် ငွေစက္ကူအတုဝယ်ယူရန် ဆက်သွယ်လာသူများအား ငွေစက္ကူအစစ် ၁ ဆလျှင် ငွေစက္ကူအတု ၈ ဆ ရမည်ဖြစ်ကြောင်း၊ မြင်းခြံမြို့မှဆိုပါက အိမ်အရောက် ငွေချေပြုလုပ်၍ရကြောင်း၊ ကျန်မြို့များအား စရံတစ်ဝက်ပေးချေ၍ ငွေစက္ကူအတုရရှိမှသာ ကျန်ငွေတစ်ဝက်အား ဝယ်ယူ၍ရကြောင်း ယုံကြည်အောင် ပြောဆိုကာ အဆိုပါ ဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသည့် **Hnin Mya Wave Pay** အကောင့်အတွင်းသို့ ငွေလွှဲခိုင်းခဲ့ပြီး ငွေလွှဲရောက်ရှိပါက **Viber** အကောင့်အား **Block** ပြုလုပ်ကာ ငွေကြေးများအား လိမ်လည်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။



ဖြစ်စဉ်တွင် လူမှုကွန်ရက်စာမျက်နှာများ၌ ငွေစက္ကူအတုဝယ်ယူရရှိကြောင်း ယုံကြည်အောင်ပြောဆိုပြီး ငွေကြေးများလိမ်လည်ရယူခဲ့သူ တရားခံ အေးအေးအောင်အား ဥတ္တရသီရိ(?)ဇေယျာနယ်မြေရဲစခန်း (ပ)၆၈/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အလားတူ လူမှုကွန်ရက်အခြေပြု၍ ငွေကြေးလိမ်လည်ရယူမှုများနှင့် ငွေစက္ကူအတု ပြုလုပ်သုံးစွဲ ရောင်း/ဝယ်သူများအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ အရောင်းအဝယ် ပြုလုပ်မှုများအားသိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ သန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၅-၁၁-၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျီးကုန်းကျေးရွာလမ်းဆုံ၌ ကလေးဝမှ ကလေးဘက်သို့ စိန်လွင် မောင်းနှင်ပြီး ချစ်စန်းကို လိုက်ပါလာသည့် **FUSO** ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ရောင်းချခဲ့ကြသည့် မြင့်နိုင်ဦး(ခ)မောင်စိုးနှင့် ဇော်ဝင်းထွန်း(ခ)နိုင်ဝင်းထွန်း(ခ)နားကားတို့အား မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ ဘရန်မွန်း(ခ)ဇော်တန်အား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်တွင်လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၅-၁၁-၂၀၂၄ ရက်နေ့ ၁၀၀၀ အချိန်တွင် အဆိုပါမူးယစ်ဆေးဝါးများအား ကလေးမြို့တွင် လက်ခံသိုလှောင်၍ မြန်မာ-အိန္ဒိယနယ်စပ်သို့ တင်ပို့ရောင်းချသူများဖြစ်ကြသည့် လားထန်ပွီးယားအား ကလေးမြို့၊ တာဟန်းရပ်ကွက် နယ်မြေ(၁၀)တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်နှင့်လည်းကောင်း၊ သောက်နယ်လွယ်(ခ)ပုသောက်အား ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၁၃)ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅ သန်း၊ အိုက်စ်(မက်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူ သုညဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း ၆-၁၁-၂၀၂၄ ရက်နေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ခဲ့သည့် ဝင်းဌေးအောင်အား ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍ ၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါးများအားလက်ခံ သိုလှောင်ထားသည့် လှမိုး(ခ)ဆန်းလွင်အား ကလေးမြို့၊ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား မန္တလေးမြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူမှာ ရော်ကျိန်ရန်(ခ)အားဟွိုက်ဖြစ်ပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်းလက်ခံဆောင်ရွက်ပေးသူမှာ ၎င်း၏ဇနီး မအားမိန်ဖြစ်ကြောင်းသိရှိရသဖြင့် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်ရှိနေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ်နေ စိုးဝင်း၏ အစီအမံဖြင့် မူးယစ်ဆေးဝါးများ မန္တလေးတွင် လက်ခံသိုလှောင်ဖြန့်ဖြူးပို့ဆောင်ပေးသူ ရဲဇော်အောင်(ခ)အားဖအား ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိနေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ တန်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးမြို့သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကလေးမြို့တွင်သိုလှောင်၍ မြန်မာ-အိန္ဒိယနယ်စပ်တွင် တစ်ဘက်နိုင်ငံမှ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများနှင့် ချိတ်ဆက်သယ်ဆောင်ရောင်းဝယ်ခဲ့ကြောင်းနှင့် အလားတူထိန်းချုပ်ဓာတုပစ္စည်းများ တစ်ဘက်နိုင်ငံမှ တရားမဝင်တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့ဝင်(၂၁)ဦးအား ဖော်ထုတ်နိုင်ခဲ့၍ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများအား လုယက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၆-၁၁-၂၀၂၄ ရက်နေ့ ၁၈၄၀ အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်စီးနင်း၍ လုယက်မှုကျူးလွန်သည်ဟု မသင်္ကာသူ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁) ရပ်ကွက်၊ ငုရွှေဝါ(၅)လမ်း၊ အမှတ်(၅၈၆)၊ အခန်း(၄)နေ စန်းထက်ဝေ(၂၃)နှစ်၊ (ဘ)ဦးဝင်းစန်းအား အမှတ်(၁၁)ရပ်ကွက်၊ ငုရွှေဝါ(၅)လမ်း၌ လုယက်မှုကျူးလွန်စဉ် စီးနင်းအသုံးပြုခဲ့သည့် အမျိုးအစား အဖြူ/အပြာရောင်ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့ပါသည်။


စစ်ဆေးပေါ်ပေါက်ချက်အရ တရားခံ စန်းထက်ဝေသည် ၈-၁၀-၂၀၂၄ ရက်နေ့ ၁၄၃၀ အချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်းမပေါ်၌ လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးထံမှ ဘေးလွယ်အိတ်အား လုယက်ထွက်ပြေးခဲ့ပြီး ၄င်းလွယ်အိတ်အတွင်းမှ **TAB 8 Pro** အမျိုးအစား **Tablet** ၁ လုံး၊ **Samsung A05s** အမျိုးအစား အစိမ်းရောင်လက်ကိုင်ဖုန်း ၁ လုံးနှင့် ငွေစက္ကူရောရာ ၁၀၀,၀၀၀ ကျပ်တို့အားရရှိခဲ့ပြီး **TAB 8 Pro** အမျိုးအစား **Tablet** အား လမ်းသွားလမ်းလာကလေးငယ်တစ်ဦးအားပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်စစ်ဆေးချက်အရ တရားခံ စန်းထက်ဝေသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်များဖြစ်သည့် အမှတ်(၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၈ နှင့် ၄၄)ရပ်ကွက်အတွင်းရှိ လမ်းများပေါ်တွင် သွားလာလျက်ရှိသည့် လမ်းသွားလမ်းလားများထံမှ လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးအား ၁၀ ကြိမ်တိတိ ဆိုင်ကယ်စီးနင်း၍ ဆွဲယူလုယက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ပေါ်ပေါက်ချက်အရ လုယက်ရရှိထားသည့် လက်ကိုင်ဖုန်းများအား မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်ရှိ **Mobile Point** ဖုန်းရောင်းဝယ်ရေးဆိုင်ပိုင်ရှင်ဖြစ်သူ မင်းဇင်မောင်(ခ)ပါကြီး(၃၃)နှစ်၊ (ဘ)ဦးကျော်ဝင်းထံတွင် ရောင်းချထားရှိကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လုယက်မှုကျူးလွန်ရာမှရရှိသည့် **Samsung A05s** အမျိုးအစား လက်ကိုင်ဖုန်းအပါအဝင် လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့အား သိမ်းဆည်းရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စန်းထက်ဝေနှင့် လုယက်မှုကျူးလွန်ရာမှရရှိသည့် သက်သေခံလက်ကိုင်ဖုန်းများအား လက်ခံဝယ်ယူထားရှိသူ မင်းဇင်မောင်(ခ)ပါကြီးတို့နှစ်ဦးအား သက်သေခံလက်ကိုင်ဖုန်း ၁၅ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း၌ လုယက်မှုတစ်ခုစီအတွက် အမှုအသီးသီး ရေးဖွင့်ဆောင်ရွက်ထားရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် ဖမ်းဆီးရမိ







၁၇-၁၁-၂၀၂၄ ရက်နေ့ ၁၅၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တောင်တော်ကျေးရွာ၏ မြောက်ဘက် ၃ ဖာလုံခန့်အကွာ မြောင်းဘေးတွင် မူးယစ်ဆေးဝါးများ လွှဲပြောင်းသယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ စိုင်းဝဏ္ဏထွန်း(ခ)ဝဏ္ဏနှင့် စိုးမြင့်ထွန်းတို့ ၂ ဦးအား တူးကရောင်းမော်တော်ယာဉ်တစ်စီး၊ **CANTER** မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၂၀ ခွက်စီပါ ဆာလာအိတ် ၆၇ အိတ်အတွင်းမှ ဘိန်းဖြူ ၁၄၇ ဒသမ ၄ ကီလိုနှင့် ဆာလာအိတ် ၂၀ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေပိုင်းတွင်း မူးယစ်ဆေးဝါးများ သယ်ဆောင်ရာလမ်းကြောင်း၌ ရှေ့ပြေးဆောင်ရွက်သူ ဉာဏ်ဝင်းလှိုင်အား စဉ့်ကိုင်မြို့တိုးဂိတ်တွင် **SURF** မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်မှ ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်လမ်းဆုံထိ တာဝန်ခံသယ်ဆောင်သူ ဇော်ထွန်းအား ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်လမ်းဆုံတွင် မော်တော်ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ ၁၈-၁၁-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် ဖမ်းဆီးရမိ **CANTER** မော်တော်ယာဉ်၏ ယာဉ်မောင်း ကျော်စွာလင်း(ခ) ဂတ်စ်အိုးအား ကျောက်ဆည်မြို့နယ်၊ ဆားတောင်ငယ်ကျေးရွာတွင်လည်းကောင်း၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများ လက်ခံမည့်သူ အောင်ခန့်အား မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ ၃၁ × ၃၂ ကြား၊ ၈၇ လမ်းမပေါ်တွင်လည်းကောင်း၊ ၁၉-၁၁-၂၀၂၄ ရက်နေ့တွင် ရပ်စောက်မြို့နယ်မှ ရွာငံမြို့နယ်သို့ မူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ သက်ဝေအောင်အား အောင်ပန်းမြို့တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများအား **DONGFENG** တွဲယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ ဥက္ကာနိုင်အား ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းတွင် အဆိုပါတွဲယာဉ်ဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဇော်ထွန်း၏ ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ်၊ ကင်းကျေးရွာအနောက်ဘက် တောစပ်ချုံအတွင်း ဝှက်သိမ်းထားခဲ့သည့် ဘိန်းဖြူပါ ဆပ်ပြာခွက်များထည့်ထားသည့် ဆာလာအိတ် ၈၄ အိတ်အတွင်းမှ ဘိန်းဖြူ ၁၈၄ ဒသမ ၈ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများအား ရွာငံမြို့နယ်၊ ယုန်တောင်ကျေးရွာမှ စစ်ဆေးရေးဂိတ်များအား ရှောင်ကွင်း၍ ကျေးရွာချင်းဆက်လမ်းများမှ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စိုင်းနိုင်ထူးသာ(ခ)နေဖြိုးထက်အား ၁၉-၁၁-၂၀၂၄ ရက်နေ့ ၂၀၀၀ အချိန်တွင် မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များဖြင့် ဝယ်ယူထားသော အောင်ခန့် ပိုင်ဆိုင်သည့် **ALPHARD** မော်တော်ယာဉ်နှင့် **MARK II** မော်တော်ယာဉ်တို့အား ချမ်းအေးသာစံမြို့နယ်တွင် ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသား (၅)ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသား (၅)ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ၁၇-၁၁-၂၀၂၄ ရက်နေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖြစ်စဉ်မှာ လူမှုကွန်ယက်စာမျက်နှာများတွင် ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများ ဖြစ်ပွားနေကြောင်း ဖော်ပြပါရှိမှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိမိ၏အမာခံသတင်းပေးများ၊ ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များ၊ နည်းပညာဆိုင်ရာအထောက်အကူပြုပစ္စည်းများမှရရှိသော အချက်အလက်များကို အခြေခံကာ ပြစ်မှုကျူးလွန်သူများအားဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ၁၇-၁၁-၂၀၂၄ ရက်နေ့ ညနေပိုင်းတွင် အမြန်လမ်းမကြီး(Zero)မိုင် တိုးဂိတ်၌ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ပြေးဆွဲနေသည့် နန်းထိုက်တော်ဝင် ခရီးသည်တင်ယာဉ်ပေါ်မှ ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်မှု ကျူးလွန်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ကျောက်စံကျေးရွာနေ သက်ပိုင်(ခ)သက်ခိုင်(ခ) ဖော်သက်ပိုင် (၂၃)နှစ်၊ (ဘ)ဦးအေးမင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်နေ စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ) လင်းမြတ်စံ (ခ)ကိုလင်း (၃၆)နှစ်၊ (ဘ)ဦးတင်ဦးတို့ (၂)ဦးနှင့် မသင်္ကာတရားခံများ ဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်နေ ဘိုဘိုထွန်း (၂၀)နှစ်၊ (ဘ)ဦးစိုးထွဋ်၊ အောင်ဇာနည်ဖြိုး(၂၀)နှစ်၊ (ဘ)ဦးမြင့်ဇော်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်နေ စိုးသီဟ(ခ) ဖြိုးသီဟဇော် (၃၂)နှစ်၊ (ဘ)ဦးစိုးထွန်းတို့ (၅)ဦးအား လက်ကိုင်ဖုန်းမျိုးစုံ ၆ လုံး၊ နှင်းမောင်မောင်လွင် ၁၂/ထတပ(နိုင်) ၁၄၃၀၆၆၊ အောင်ထိုက် ၁၄/မမက(နိုင်)၃၄၄၆၁၈၊ ဘိုဘိုထွန်း ၇/နတလ(နိုင်)၁၆၉၇၉၈၊ အောင်ဇာနည်ဖြိုး ၁၂/ထတပ(နိုင်)၁၆၈၅၇၈ နှင့် စိုးသီဟ ၁၂/သလန(နိုင်)၁၀၇၃၄၅ နံပါတ်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား(၅)ခု၊ **KBZ Bank MPU** ကတ်(၁)ခု၊ **AYA Bank MPU** ကတ်(၁)ခု၊ **YOMA Bank MPU** ကတ်(၁)ခု၊ ငွေ(၂၈၀,၀၀၀)ကျပ်၊ စိန်လက်စွပ်(၁)ကွင်း၊ ရွှေဖြင့်ပြုလုပ်ထားသည့် ပီရှူးလက်ပတ် (၁)ခုတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ သက်ပိုင်(ခ)သက်ခိုင်(ခ)ဖော်သက်ပိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁)ထိပ်ရှိအဆောင်တွင် ငှားရမ်းနေထိုင်ခဲ့ပြီး အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ ခရီးသည်ကြိုသည့် အလုပ်ကိုလုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့လုပ်ကိုင်နေစဉ် ခင်မင်ရင်းနှီးသူ ဦးဟိန်းခန့်နှင့် ပူးပေါင်း၍ နတ်ကနားစီး အလုပ် လုပ်ကိုင်နေစဉ် အဆောင်မှ **Jasmine Palace Hotel** သို့ ပြောင်းရွှေ့ကာ စိုးရာဇာဟိန်း (ခ)အောင်ထိုက်(ခ) လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ (ခ)ဖြိုးသီဟဇော်တို့နှင့်အတူနေထိုင်ပြီး ကောက်ယူရရှိထားသည့် အောင်ထိုက်နှင့် နှင်းမောင်မောင်လွင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်များအား ပြုပြင်အသုံးပြု၍ **KBZ Pay** နှင့် **Wave Pay** အကောင့်များဖွင့်လှစ်ကာ ဖုန်းအမှတ် ၀၉ ၅ နှင့်စသည့် ဖုန်းနံပါတ်များအား ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများပြုလုပ်ခဲ့ကြောင်း၊ လိမ်လည်မှုများအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ၎င်း၏ လက်ကိုင်ဖုန်းအမှတ် ၀၉ ၄၄၇၈၃၆၉၇၈ ဖြင့် လိုက်လံဆက်သွယ်၍ တစ်ဖက်ဖုန်းလက်ခံဖြေကြားသူ၏ သူငယ်ချင်းအဖြစ်အယောင်ဆောင်ပြီး ၎င်းမှာ ကားတိုက်ခံရ၍ ဆေးရုံရောက်နေကြောင်း အရေးပေါ်ခွဲစိတ်ခန်းဝင်ရမည်ဖြစ်၍ ငွေလိုနေသဖြင့် ငွေလွှဲပေးရန်စသည်ဖြင့် ယုံကြည်အောင် လိမ်လည်ပြောဆိုကာ ရရှိသည့်ငွေကျပ် (၇)သိန်းအားလည်းကောင်း၊ စက်တင်ဘာလ အတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ်(၅၀)သိန်း၊ ဦးတင်အောင် အဖြစ်အယောင်ဆောင်၍ ငွေကျပ် (၅၀)သိန်း၊ ဦးမိုးရွှေအဖြစ် အယောင်ဆောင်၍ ငွေကျပ် (၅၀)သိန်းနှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ်(၇)သိန်းအား လည်းကောင်း၊ အောက်တိုဘာလအတွင်း အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ပထမအကြိမ်ငွေကျပ်(၃၀)သိန်း၊ ဒုတိယအကြိမ်ငွေကျပ်(၂၀)သိန်းတို့အားလည်းကောင်း၊ နိုဝင်ဘာလအတွင်း ဦးသောင်းဋ္ဌေးအဖြစ် အယောင်ဆောင်၍ ငွေကျပ်(၇၇)သိန်းနှင့် အမည်မမှတ်မိအဖြစ်အယောင်ဆောင်၍ ငွေကျပ်(၂၅)သိန်းတို့အားလည်းကောင်း စုစုပေါင်း (၉)ကြိမ် ရရှိငွေကျပ်(၃၁၆)သိန်းအား မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင် လိမ်လည် ပြောဆို၍ ၎င်းတို့အသုံးပြုလျက်ရှိသည့် အောင်ထိုက်နှင့် စိုးသူဝင်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် **KBZ Pay**၊ နှင်းမောင်မောင်လွင်အမည်ဖြင့် ဖွင့်လှစ်ထားသည့် **Wave Pay** အကောင့်များသို့ လွှဲပြောင်းလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဆက်လက်စစ်ဆေးချက်များအရ ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးလိမ်လည်မှုများအား သက်ပိုင်(ခ)သက်ခိုင်(ခ)ဖော်သက်ပိုင်က ဦးဆောင်၍ မိတ်ဆွေသူငယ်ချင်းအဖြစ်ယုံကြည်အောင် အယောင်ဆောင် ပြောဆိုလိမ်လည်ခဲ့ခြင်းဖြစ်ပြီး စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ)လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုးနှင့် စိုးသီဟ(ခ)ဖြိုးသီဟဇော်တို့(၄)ဦးမှ အယောင်ဆောင်ဆက်သွယ်၍ လိမ်လည်ရမည့် ဖုန်းနံပါတ်များအား ရှာဖွေစုဆောင်းပေးခြင်း၊ အယောင်ဆောင်ဆက်သွယ်၍ ရရှိလာသည့် ငွေကြေးများအားလက်ခံထုတ်ယူရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြခြင်းနှင့် လက်ခံရရှိသည့် ငွေကြေးများအား ၎င်းတို့(၅)ဦးမှ ခွဲဝေသုံးစွဲခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

ဖြစ်စဉ်တွင် ဖုန်းဖြင့်ဆက်သွယ်၍ အယောင်ဆောင်ပြောဆိုကာ ငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ သက်ပိုင်(ခ)သက်ခိုင်(ခ)ဖော်သက်ပိုင်ပါ တရားခံ(၅)ဦးအား စမ်းချောင်း မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/ ၄၇၁/၄၁၉/၁၁၄ ဖြင့် အမှုရေးဖွင့်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူများအား ရွှေတူးဖော်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ





မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသ၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးခြင်းဖြစ်ပေါ်စေကာ ၎င်းဒေသအနီးကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၇-၁၁-၂၀၂၄ ရက်နေ့ ၁၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောင်ကုန်းအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ်၊ ကြူတောဝကျေးရွာနေ ဦးဇော်(၅၂)နှစ်၊ (ဘ)ဦးထွန်းကြည်နှင့် ရမည်းသင်းမြို့နယ်၊ သပြေပင်ကျေးရွာ နေသူများဖြစ်ကြသည့် လွင်ကိုနိုင်(၂၈)နှစ်၊ (ဘ)ဦးအေး၊ ကျော်သက်ပိုင်(၂၂)နှစ်၊ (ဘ)ဦးရဲသွေး၊ ဦးမောင်(၆၀)နှစ်၊ (ဘ)ဦးညို၊ နိုင်ကောင်းထက်(၂၂)နှစ်၊ (ဘ)ဦးအေးတို့ ၅ ဦးအား တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ၂၈-၁၁-၂၀၂၄ ရက်နေ့ ၁၀၀၀ အချိန်တွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူ သပြေပင်ကျေးရွာနေ တင်လင်း(၄၅)နှစ်၊ (ဘ)ဦးမြိုင်၏နေအိမ်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်းအား တွေ့ရှိခြင်းမရှိဘဲ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်သူများဖြစ်ကြသည့် အဆိုပါကျေးရွာနေ ဝင်းစိုး(၃၂)နှစ်၊ (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး(၁၆)နှစ်၊ (ဘ)ဦးအောင်ဌေးဝင်းတို့ ၂ ဦးအား နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ်ပိုင်း ၂၀ ပိုင်း၊ ဖြုန်းကျောက်များကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြား ၅ ပြားနှင့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ယင်းနေ့ ၁၈၃၀ အချိန်တွင် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းအနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြား ၁ ချပ်၊ ဘက်ထရီအိုး ၁ လုံး၊ လက်ဆွဲမီးစက် ၁ လုံး၊ ဒီဇယ်အင်ဂျင် ၁ လုံး၊ ဒိုင်နမို ၁ လုံး၊ လက်တွန်းလှည်း ၁ စီး၊ **SHAYAN-125** ဆိုင်ကယ် ၁ စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးအားလည်းကောင်း အသီးသီး တွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ၇ ဦး၊ ဖမ်းဆီးရန်ကျန်တရားခံ တင်လင်းနှင့် တရားခံ(စိစစ်ဆဲ)များအား ရမည်းသင်းမြို့မရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုများ အသီးသီးရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင် ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များအတွင်း ဝင်ရောက်၍ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းများ မဖြစ်ပေါ်စေရေး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ ချိုချိုစိန်ရွှေရတနာဆိုင်မှ ငွေကျပ် ၇၅၄ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



၂၈-၁၁-၂၀၂၄ ရက်နေ့ ၁၃၁၅ အချိန်တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အောင်ရတနာရပ်ကွက်ရှိ **ချိုချို** စိန်ရွှေရတနာဆိုင်သို့ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ဆိုင်အတွင်းရှိ မှန်ကောင်တာအား တူဖြင့်ထုခွဲကာ ဆွဲသီးပါရွှေဆွဲကြိုး ၂၀ ကုံး၊ ရွှေကလစ် ၁၅ ခု၊ ရွှေအလေးချိန် ၁၃ ကျပ်သားခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၅၄ သိန်းခန့်အား လုပ်ယက်ယူဆောင်သွားခဲ့ပြီး သေနတ်ပစ်ခတ်ခဲ့မှုကြောင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဦး(၅၉)နှစ်နှင့် ဆိုင်အပြင်လမ်းမပေါ်တွင်ရှိနေသည့် ဦးအောင်မျိုးမြင့်ပိုင်(၂၇)နှစ်တို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးမြို့မရဲစခန်း(ပ)၁၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်၍ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

အမှုမှတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်း၊ ပတ်ကင်းများဖြင့် စုံစမ်းရှာဖွေခြင်း၊ မြို့ဝင်၊ မြို့ထွက်စစ်ဆေးရေးဂိတ်များမှ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ **ချိုချို** စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့်ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်း(၄၉)နှစ်၊ (ဘ)ဦးမြသောင်း၊ အောင်မြေသိမ်ကုန်းရပ်ကွက်၊ မင်းဘူးမြို့နယ်နေသူအား ယင်းနေ့ ၁၉၃၀ အချိန်တွင် မကွေးမြို့နယ်၊ ယင်းဆိပ်စစ်ဆေးရေးဂိတ်၌ ၎င်းစီးနင်းလာသည့် **NewAnbo 125** အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်ထွန်း၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ အောင်မင်းသူ(ခ)မိုးသန်း(၃၄)နှစ် (ဘ)ဦးခင်မောင်ဦး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့နှစ်ဦးသည် **ချိုချို** စိန်ရွှေရတနာဆိုင်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား ရှားပင်လှကျေးရွာအနီးရှိ လှိုဏ်တစ်ခုအတွင်း၌ ဝှက်ထားခဲ့ကြောင်းသိရှိရသဖြင့် ၂၉-၁၁-၂၀၂၄ ရက်နေ့ ဝ၄၀၀ အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာတွင် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ရွှေဆွဲကြိုး ၁၈ ကုံး၊ ရွှေကလစ် ၅ ခုနှင့် အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် **GLOCK 19** အမျိုးအစား ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၎င်းကျည် ၁၁ တောင့်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ အောင်မင်းသူ(ခ)မိုးသန်းအား ၂၉-၁၁-၂၀၂၄ ရက်နေ့ ၁၉၃၀ အချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေဆံတော်ဘုရားပေါ်ရှိ ကျားပုံမှာရုံ၌ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ထပ်မံစစ်ဆေးချက်အရ လုယက်မှုကျူးလွန်စဉ် ပစ်ခတ်သုံးစွဲခဲ့သည့် **GLOCK 19** အမျိုးအစား ပစ္စတိုသေနတ်နှင့် ကျည်အိမ် ၂ ခု၊ ၎င်းကျည် ၁၄ တောင့်အား တရားခံ အောင်ဇော်ထွန်းမှ လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ငွေကျပ် ၂၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ **ချိုချို** စိန်ရွှေရတနာဆိုင်အား လုယက်မှုကျူးလွန်ရန် ၎င်းတို့နှစ်ဦးသည် လုယက်မှုမကျူးလွန်မီ နှစ်ရက်ခန့်ကြိုတင်၍ စိန်ရွှေရတနာဆိုင်၏ရောင်းချနေမှုအခြေအနေနှင့် လူဝင်၊ လူထွက်အခြေအနေများအား စောင့်ကြည့်ခဲ့ကာ လုယက်မှုကျူးလွန်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

ဖြစ်စဉ်တွင် သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အောင်ဇော်ထွန်းနှင့် အောင်မင်းသူ(ခ)မိုးသန်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အလားတူ ဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအားသိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေး သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

## တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသား ၈ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ လုံခြုံရေးအရ ညှိစာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။


ထိုသို့ဆောင်ရွက်ခဲ့ရာ ၃၀-၁၁-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်အချို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအယောင်ဆောင်၍ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့် တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ)တာလေ(၂၈)နှစ်နှင့် သီဟ(၄၄)နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ)ဘဦး(၃၀)နှစ်နှင့် မျိုးဦး(ခ)ဝေယံ(၃၁)နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင်(ခ)အရှည်ကြီး(၂၇)နှစ်နှင့် ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်(၃၄)နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက်(ခ)ကုလား(၂၅)နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက်(၂၈)နှစ်တို့ ၈ ဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် **Alphard** အမျိုးအစားအဖြူရောင်မော်တော်ယာဉ် ၁ စီး၊ **M16** ပုံစံတူ **(Air Gun)** ၁ လက်၊ ပစ္စတိုသေနတ်အတု **(Air Gun)** ၁ လက်၊ ပြောက်ကျားဦးထုပ် ၁ လုံး၊ ပြောက်ကျား ယူနီဖောင်း ၂ စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ၈ ဦးတို့အား စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အငှားနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့်ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ၄ ဦးက ဖုန်းမျိုးစုံ ၂ လုံးနှင့် ထိုင်းဘတ်ငွေ ၂၀,၀၀၀ ခန့်အားလည်းကောင်း၊ အောက်တိုဘာလအတွင်း တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ)ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး(ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ၆ ဦးက ဖုန်းမျိုးစုံ ၆ လုံးနှင့် ထိုင်းဘတ်ငွေ ၂၀,၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့၊ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ၇ လုံးနှင့် ထိုင်းဘတ်ငွေ ၁၄,၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ) တာလေ၊ မိုးနှင်းလျှံ(ခ)ဘဦး၊ ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန် တရားခံ မဲကြီးတို့ ၄ ဦးက ဖုန်းမျိုးစုံ ၅ လုံးနှင့် ထိုင်းဘတ်ငွေ ၇,၀၀၀ ခန့်အားလည်းကောင်း၊ နိုဝင်ဘာလအတွင်း တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလား တို့ ၄ ဦးက ဖုန်းမျိုးစုံ ၄ လုံးနှင့် ထိုင်းဘတ်ငွေ ၁၂,၀၀၀ ခန့်အားလည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများဝတ်ဆင်ပြီး **M16** ပုံစံတူ**(Air Gun)** ၁ လက်၊ ပစ္စတိုသေနတ်**(Air Gun)** ၁ လက်နှင့် ဝင်းသက်အောင်ပိုင်ဆိုင်သည့် **Alphard** အဖြူရောင်မော်တော်ယာဉ်တို့အား အသုံးပြု၍ လုံခြုံရေးအရ ညှိစာရင်းစစ်ဆေးမည်ဖြစ်ကြောင်းအကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ထိုင်းဘတ်ငွေ ၇၃,၀၀၀ တို့အား ငါးကြိမ်တိတိခြောက်လှန့် တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရပါသည်။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့်တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ယူနီဖောင်းများဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံ ၆ ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့် ငွေကြေးများအား သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များ အတွင်း နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ လုံခြုံရေးအရ ညှိစာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများအား ခြောက်လှန့် တောင်းယူခဲ့ကြသူ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ၈ ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများအသီးသီးရေးဖွင့် ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ မဲကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအားသိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေး၊ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ငွေကျပ်သိန်း ၆,၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

၂၄-၁၁-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်ကူ-နောင်ဝိုးသွားကားလမ်းတွင် ရာဇာငွေး မောင်းနှင်ပြီး ဇော်မျိုးထွေး လိုက်ပါလာသည့် **AD Van** မော်တော်ယာဉ်နှင့် ရဲမင်းသူ မောင်းနှင်လာသည့် **AD Van** မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ် ၂ စီးဖြင့် သယ်ဆောင်လာသည့် ခရီးဆောင်အိတ် ၁၄ အိတ်အတွင်းမှ ဘိန်းဖြူပါဆပ်ပြာခွက် ၂၆၃၅ ခွက်ဖြင့်ထည့်သွင်းထားသည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆,၃၅၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၁၉၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်ကျော်ဦး၊ ဝင်းဖြိုးအောင်၊ ဇင်ဖြိုးအောင်နှင့် မနွယ်နီလွင်တို့ ၄ ဦးအား ၂၅-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၅-၁၂-၂၀၂၄ ရက်နေ့ ၀၉၃၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မဟုန်လွယ်ကျေးရွာအနီးတွင် အိုက်ခေး မောင်းနှင်လာသည့် **HILUX REVO** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား တာချီလိတ်မြို့နယ်မှ မိုင်းဆတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၅-၁၁-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်း(ခရိုင်အုပ်ချုပ်ရေးမှူး) သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## HPV/ DT ကာကွယ်ဆေးထိုးပေးနေမှုအခြေအနေအားကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်(မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ ၂၇-၁၁-၂၀၂၄ ရက်နေ့၊ ၁၁၀၀ အချိန်တွင် အခြေခံပညာ အထက်တန်းကျောင်း (ကြိုသက်)၌ ကျန်းမာရေးဦးစီးဌာနမှ **HPV** ကာကွယ်ဆေးအား အသက်(၉)နှစ်မှ(၁၀)နှစ်အတွင်း ကျောင်းသူစုစုပေါင်း(၃၀)ဦးနှင့် **DT** ကာကွယ်ဆေးအား **KG** ကျောင်းသား/သူ စုစုပေါင်း(၃၈)ဦးတို့ကို ကာကွယ်ဆေးထိုးပေးနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စီမံ(၁)နှင့် ဌာနခွဲစာရေးများ လုပ်ငန်းခွင်မပျက် ရုံးလုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲဖြေဆိုနေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ စုပေါင်းအစည်းအဝေးရုံး၌ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စီမံ(၁)နှင့် ဌာနခွဲစာရေးများ လုပ်ငန်းခွင်မပျက် ရုံးလုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုနေမှုအခြေအနေအား ၂၉-၁၁-၂၀၂၄ ရက်နေ့၊ ၁၀၀၀ အချိန်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး (ခရိုင်အုပ်ချုပ်ရေးမှူး)သည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ၁၉-၁၁-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် တပ်နယ်မှူးနှင့်အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များမှ ပေါင်လင်း(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး) အထက်တန်းကျောင်းမှ ဆရာ/ဆရာမများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်ဥ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် နွားနို့များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရုံးစစ်ဆေးခြင်း ဆောင်ရွက်



တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုသည် ၂၇-၁၁-၂၀၂၄ ရက်နေ့၊ ၁၀၀၀ အချိန်တွင် ဘုတ်ပြင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါရုံး၌ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာစာရင်း စာအုပ်များ၊ ရုံးတွင်းစီမံခန့်ခွဲမှုဆိုင်ရာစာရင်းစာအုပ်များ၊ လုံခြုံရေးဆိုင်ရာ စာရင်း စာအုပ်များ စာရင်းသွင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်း သာယာလှပခြင်း ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး သည် ခရိုင်အုပ်ချုပ်ရေးမှူး၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အ.ထ.က(၁)စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်း၌ ၂၆-၁၁-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည် နှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား/ သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်နယ်စည်းရုံးရေးကော်မတီ ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရာမညခန်းမ၌ ၂၈-၁၁-၂၀၂၄ ရက်နေ့၊ ၁၃၀၀ အချိန်တွင် ပြည်နယ်စည်းရုံးရေး ကော်မတီဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ရာ ဆွေးနွေးပွဲသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခြင်း၊ အမှုထမ်း(၄)ဦးတို့မှ “နိုင်ငံရေး အတွက် နိုင်ငံရေးပြဿနာ နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာ၊ နိုင်ငံတော်ကာကွယ်ရေး သည် လူငယ်တိုင်းအတွက်မွေးရာပါတာဝန်၊ ပြည်သူ့အကျိုးပြု သတင်းအချက်အလက် များအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်း”စသည့်ခေါင်းစဉ်များဖြင့် အလှည့်ကျဆွေးနွေးခြင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၂၁၀)တွင် သင်တန်းဆင်းအရည်အချင်းသတ်မှတ်ချက် အဆင့်(၂)ရရှိခဲ့သည့်ဝန်ထမ်းအား ဂုဏ်ပြု ချီးမြှင့်ငွေထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## (၆၄) ကြိမ်မြောက် ဝေဘူရတနာသုံးပါး လောင်းလှူပူဇော်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ဖောင်ရွာ ရပ်ကွက်၊ ဝေဘူချောင်၌ ၂၃-၁၁-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် (၆၄) ကြိမ်မြောက် ဝေဘူရတနာသုံးပါး လောင်းလှူပူဇော်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိ/မြို့ဖများနှင့် အလှူရှင်များ စုစုပေါင်းအင်အား(၅၀၀၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်နှင့် ယောဂီများ စုစုပေါင်း (၁၉၁၉)ပါးတို့အား ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူ ပူဇော်ခဲ့ကြောင်း သတင်းရရှိပါသည်။




## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးမှု




အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြင်ပ ကျန်းမာရေးအဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေး ကုသပေးလျက်ရှိရာ မြောင်းမြခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဇော်မင်းသိုက်ပါ ၁၈ ဦးတို့သည် မြောင်းမြအကျဉ်းထောင်သို့ ၁၁-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ညောင်ရွှေအကျဉ်းထောင်သို့ ၃၀-၁၁-၂၀၂၄ ရက်နေ့တွင် ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာဦးဝင်းနိုင်နှင့် စပ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင် ဦးဆောင်သောအဖွဲ့ဝင်များသည် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား **Mobile Team** ဖြင့် တီဘီရောဂါရှာဖွေခြင်း၊ **HIV/STD** ရောဂါရှာဖွေခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ **HIV** ရောဂါနှင့်ပတ်သက်၍ သိလိုသည်များအားပြန်လည် ဖြေကြားပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းနှင့်မိသားစုဝင်များအား စားသုံးကုန်များထောက်ပံ့ပေးခြင်းနှင့် သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေး

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းနှင့် မိသားစုဝင်များ၏ စားဝတ်နေရေးအထောက်အကူဖြစ်စေရန်အတွက် ၂၉-၁၁-၂၀၂၄ ရက်နေ့တွင် ဝန်ထမ်းတစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှုန်းဖြင့် ဝန်ထမ်း ၃၇၉ ဦးအတွက် စုစုပေါင်း ကြက်ဥ ၃,၇၉၀ လုံးအားလည်းကောင်း ထောက်ပံ့ပေးခဲ့ပြီး ၄-၁၂-၂၀၂၄ ရက်နေ့တွင် စားအုန်းဆီ ၁ ပိဿာလျှင် ၈,၄၉၅/- နှုန်းဖြင့် လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိပါသည်။





## ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော ကြက်သား၊ ဝက်သား၊ ငါး၊ ကြက်ဥ၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်များအား နေပြည်တော်ရှိ ရုံး/ဌာနများသို့ သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေး



ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှထွက်ရှိသော ကြက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၁,၀၀၀/-နှုန်း၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆,၀၀၀/-နှုန်း၊ ငါးကြင်းဖြူတစ်ပိဿာလျှင် ငွေကျပ် ၉,၅၀၀/-နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၀၀/-နှုန်း၊ နွားနို့တစ်ဗူးလျှင် ငွေကျပ် ၂,၂၀၀/-နှုန်းနှင့် ရာသီသီးနှံ ဟင်းသီးဟင်းရွက်များဖြစ်သော ချဉ်ပေါင်ရွက်တစ်စည်းလျှင် ငွေကျပ် ၁၀၀/-နှုန်း၊ ကင်မွန်းချဉ်ရွက်တစ်စည်းလျှင် ငွေကျပ် ၃၀၀/-နှုန်း၊ ကြက်ဟင်းခါးသီးတစ်လုံးလျှင် ငွေကျပ် ၁၀၀/-နှုန်း၊ ဖူးသီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀/နှုန်း၊ မုန်လာဥတစ်စည်းလျှင်ငွေကျပ် ၅၀၀/-နှုန်း၊ ဆူးပုပ်ရွက်တစ်စည်းလျှင်ငွေကျပ် ၃၀၀/-နှုန်း၊ ရုံးပတီသီးတစ်စည်းလျှင် ငွေကျပ် ၁၀၀/-နှုန်း၊ ငွေနှင်းမှိုတစ်ထုပ်လျှင် ငွေကျပ် ၁၀၀၀/-နှုန်းဖြင့် ၈-၁၁-၂၀၂၄ ရက်နေ့၊ ၁၄-၁၁-၂၀၂၄ ရက်နေ့၊ ၂၂-၁၁-၂၀၂၄ ရက်နေ့နှင့် ၂၉-၁၁-၂၀၂၄ ရက်နေ့များတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနများရှိ ဝန်ထမ်းများထံသို့ ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် လိုက်လံရောင်းချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၅၄)ကြိမ်မြောက်တရားပွဲ ကျင်းပပြုလုပ်ပေးခဲ့

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာနူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၁-၁၂-၂၀၂၄ ရက်နေ့ ၀၈၃၀ အချိန်ခန့်၌ (၆၅၄)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဝါယာမ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တံတားဦးဆရာတော်မှ ကြွရောက်၍ လောကီလောကုတ္တရာ နှစ်ဖြာအကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **“ဂုဏ်တော်ကိုးပါးမြတ်တရား”** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား စုစုပေါင်းအင်အား ၂၅၀ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မ



အလှူတော်ငွေများလှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့မှ အကျဉ်းသား ကျောင်းသား/သူများ အဝေးသင်တက္ကသိုလ်စာမေးပွဲဖြေဆို



၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ အဝေးသင်တက္ကသိုလ်တက်ရောက်သင်ကြားနေသည့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ အဝေးသင်တက္ကသိုလ် ဒုတိယနှစ်(မြန်မာစာ) အကျဉ်သား ၁ ဦးနှင့် ပထမနှစ်(သမိုင်း) အကျဉ်သား ၅ ဦး၊ စုစုပေါင်း ၆ ဦးတို့သည် ၁၂-၁၁-၂၀၂၄ ရက်နေ့မှ ၁၉-၁၁-၂၀၂၄ ရက်နေ့ထိ အကျဉ်းထောင် (အင်းစိန်)(သီးသန့်ထောင်)ရှိ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဖြေဆိုခဲ့ပြီး စာမေးပွဲသို့ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ကထိက ဒေါ်သက်ထားဝေ၊ ကထိက ဒေါက်တာ နေနေအောင်နှင့် နည်းပြ ဒေါ်လွင်လွင်မော်၊ နည်းပြ ဒေါ်ခင်ရတနာဦးတို့မှ အလှည့်ကျလာရောက်ကြီးကြပ်ပေးခဲ့ပါသည်။ အလားတူ မန္တလေးဗဟိုအကျဉ်းထောင်မှ အဝေးသင်တက္ကသိုလ်ပထမနှစ်(ဥပဒေ/အင်္ဂလိပ်/စီးပွားရေး) အကျဉ်းသား/သူ ၉ ဦး၊ ဒုတိယနှစ်(မြန်မာစာ)အကျဉ်းသား ၁ ဦး၊ စတုတ္ထနှစ်(အင်္ဂလိပ်စာ) အကျဉ်းသား ၁ ဦး၊ စုစုပေါင်း ၁၁ ဦးတို့သည် ၂၄-၁၀-၂၀၂၄ ရက်နေ့မှ ၂၁-၁၁-၂၀၂၄ ရက်နေ့ထိ မန္တလေးဗဟိုအကျဉ်းထောင်အတွင်းရှိ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းခွဲတွင်ဖြေဆိုခဲ့ပြီး စာမေးပွဲသို့ မန္တလေးအဝေးသင်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဦးကျော်စိုးဝင်းနှင့် နည်းပြ ဦးချမ်းသာတို့မှ အလှည့်ကျ လာရောက်ကြီးကြပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေများလာရောက်ပေးအပ်

အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်/အချုပ်ထောင်များတွင် ထိန်းသိမ်းထားရှိသူ အကျဉ်းသူ/အချုပ်သူ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး မိခင်တစ်ဦးလျှင် ၃၀,၀၀၀/- နှုန်းဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးရှိ အကျဉ်းဦးစီးဌာနရုံးများနှင့် ဆက်သွယ်ထောက်ပံ့ပေးလျက်ရှိရာ ၈-၁၁-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကိုယ်ဝန်ဆောင် အကျဉ်းသူ/အချုပ်သူ ၉ ဦး၊ အသက် ၃ နှစ်အောက်ကလေးငယ်မိခင် ၄၉ ဦး၊ ပေါင်း ၅၈ ဦး တို့အား တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀/-နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁,၇၄၀,၀၀၀/-(ကျပ်တစ်ဆယ့်ခုနစ်သိန်းလေးသောင်းတိတိ)အား ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းနှင့်အဖွဲ့မှ လာရောက်ထောက်ပံ့ပေးခဲ့ပါသည်။ အလားတူ ၄-၁၁-၂၀၂၄ ရက်နေ့တွင် သရက်အကျဉ်းထောင်ရှိ အသက် ၃ နှစ်အောက် ကလေးငယ်မိခင် ၄ ဦး အား သရက်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့ရည်နှင့်အဖွဲ့မှ တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀/-



နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂၀,၀၀၀/-(ကျပ်တစ်သိန်းနှစ်သောင်းတိတိ) အား လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၂၀/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၂၀/၂၀၂၄)၊ ရဲသူရတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၉-၁၁-၂၀၂၄ ရက်နေ့ ၀၇၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး၊ ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြပါသည်။ ယင်းနောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဝေယံဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ပိုင်ဇော်သက်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးအောင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝင်းမြင့်ဆွေ၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေယံဦးတို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် **စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝ၍ ကျန်းမာကြံ့ခိုင်သော မျိုးချစ်စိတ်ဓာတ်နှင့် စွမ်းရည်ပြည့်ဝခေတ်မီသည့် ရဲအရာရှိငယ်များ ဖြစ်လာစေရန်** ဆိုသည့်ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယရဲအုပ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကာ နေရာဒေသအသီးသီးတွင် ကျရာတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် မှာကြားစရာရှိသည်များကို မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးမကြာခင်အချိန်အတွင်း ရောင်စုံသူပုန်များ ထကြွသောင်းကျန်းခဲ့၍ စစ်ရဲနှင့် မြန်မာပြည်ရဲအဖွဲ့တို့ပူးပေါင်းလက်တွဲပြီး အရှိန်အမာ စစ်ဆင်ရေးအမည်ဖြင့် သောင်းကျန်းသူများကို နှိမ်နင်းခဲ့ရကြောင်း၊ ပြည်ထောင်စု စစ်ရဲတပ်ရင်းမှ စစ်ရဲ ဗိုလ်မှူးအေးချိုသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်စဉ် ကျဆုံးခဲ့ရသဖြင့် နိုင်ငံတော်က အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး လုပ်ငန်းတာဝန်များကို အသက်ပေးထမ်းရွက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် နောင်တော်ရဲတပ်ဖွဲ့ဝင်များနည်းတူ ပြည်သူကိုအလုပ်အကျွေးပြုပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို အသက်ပေးကာကွယ် စောင့်ရှောက်တတ်သော ရဲတပ်ဖွဲ့ဝင်များအဖြစ်ခံယူကာ မိမိတို့ကျရာတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နောင်တော်တပ်မတော်နှင့်အတူလက်တွဲ၍ စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များအား အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် မှုခင်းဖြစ်ရပ်မှန်ကို ဖော်ထုတ်ပြီး ကျူးလွန်သူအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားပြည့်စုံစွာဖြင့် တရားစွဲတင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပြီး မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အချို့နှင့် အကြမ်းဖက်အုပ်စုများသည် နိုင်ငံရေး၊ လူမျိုးရေး၊ ဒေသဖွံ့ဖြိုးရေး အကြောင်းအမျိုးမျိုးပြကာ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင်စီးပွားရေးအဖြစ် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံတော်၏လုံခြုံရေးကို ခြိမ်းခြောက်နေသည့်အပြင် လူသားမျိုးနွယ်စုတစ်ခုလုံးကို လူညွန့်တုံးစေနိုင်သည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

ထို့အပြင် မိမိတို့တာဝန်ကျရာဒေသရှိ ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်၊ ရဲကျင့်ဝတ်အပါး ၇၀ တို့နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်မှု အရည်အသွေးများကို ကောင်းစွာသိရှိနားလည်ကာ မိမိတပ်ဖွဲ့က ယုံကြည်အားကိုးရသည့် ရဲအရာရှိကောင်းများဖြစ်လာရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် ပြုမူပြောဆိုနေထိုင်မှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်သကဲ့သို့ အသောက်အစားအပျော်အပါးများကြောင့် တစ်ဦးချင်းစွမ်းဆောင်ရည်နှင့် မိမိအဖွဲ့အစည်းပေါ်တွင် ထိခိုက်မှုမရှိအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရန် တပ်ဖွဲ့အလိုက် တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့် ရဲတပ်ဖွဲ့သုံး ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်ရေး လိုအပ်သည့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက် ကျွမ်းကျင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်မှ လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းအမှာစကားပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၀/၂၀၂၄) ရဲသူရတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား(၂၂၈)ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး(၁၀၈)ဦး၊ စုစုပေါင်း (၃၃၆)ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။